# သခင့်စကား

# The LORD's Word

မင်းအောင်သက်လွင်စီစဥ်ထုတ်ဝေသည့် ဝိညာဉ်ရေး ရာ စာစောင်

ထာဝရဘုရားသည် လူစကားကို နားထောင်၍ ထိုသို့သော နေ့
တစ်နေ့မျှ မဖြစ်စဖူး။ နောက်တစ်ဖန်လည်း မဖြစ်။ အကြောင်းမူကား
ထာဝရ ဘုရားသည် ဣသရေလ အမျိုးဘက်မှာ စစ်တိုက်တော်မူ၏
ယောရှ ၁၀း၁၄

အမှတ်စဉ် (၁၄၇) နိုဝင်ဘာလ ၂၀၁၃ ခုနှစ် ●မွဒါန (လစဉ် ပထမ တနင်္ဂနွေနေ့တိုင်း အခမဲ့ ဖြန့်ချိသည် ) ၂၀၀၁ ခုနှစ်တွင် တည်ထောင်သည်။ Est; September 2001


## စိတ်

### စိတ် Angel ( Kalay )







ဘေး - ဘေးနားမှာရှိသော မာရ်နတ်ကို
ဖယ် - ဖယ်ထုတ်ပြီး
ထား - ထားခဲ့ပါ ။
လိုက် - လိုက် မပါမိစေနှင့်၊
ငါ - ငါသာ၊ ငါလျှင်၊ ငါက
ဆိုတဲ့ - ဆိုတဲ့ စိတ်နှလုံးနှင့်
စိတ် - စိတ်အတ္တကို ဖယ်ထုတ်လိုက်ပါ။

မာရ်နတ်ရဲ့ လှည့်ကွက်ကို မြင်နိုင်ကြပါစေ၊ ချစ်သော စာဖတ်သူများ....။

------------------------------------

## သမ္မာသတိ

### သမ္မာသတိဖြင့် Samuel Soe Lwin





တောင့်တအရာ အထွေထွေ ဘဝ ဝယ် ရာထောင်ပုံနေလည်း
သေချာစွာ ဆန်းစစ်ကြည့် အမှန်လိုအပ် မရှိ မဖြစ်တာက
ဘုရားသာလျှင် အဓိကပင်မို့ လေးတွဲ့ကာယောင်
ဖင့်နွဲ့ကာ အချိန်တွေ မဖြုန်းလေနှင့်။ စေ့စေ့တွေး ရေးရေးပေါ်
ဘဝမှာ နော်တကယ် မမေ့အပ် သင့်တာက ဘုရားဘုရား။
ဆိုနေလို့ ပြီးမလား။ မေး မမှားနဲ့ အားလုံး ကလေ
သံပြိုင်တွေဖြင့် ငါ သိပါတယ်အေ။ ဆရာ လာမပြုပါလေနှင့်။
မည်သို့ပင် ဆိုစေ။ ပြုသင့် အခြေက မမေ့ သမ္မာ
သတိ အဖြာဖြာဖြင့် နေ့နေ့ညည အောက်မေ့ပြုမှ -
ရန်မာန် အန္တရာယ် အသွယ်သွယ်လည်း ဝေးစွာရှောင်ရှား
ပြုနိုင်အားလျှက် အောင်မြေ အောင်စေ မြဲတစေ ပိုင်၍
ခရစ်ဘုန်းရောင် လွှန်ထွန်းပြောင်လျှက်၊ သခင့်မိန့်ဆိုစကား သိလေမည် လူအများ။ ။

---------------------------------------------------

## ခွင့်လွှတ်ပါ

### ခွင့်လွှတ်ပါသခင် (သက်သေခံချက် - တိုးတိုးစိုး)



ရှေ့ဦးစွာ ဘုရားသခင်ရဲ့ကျေးဇူးတော်ကို ချီးမွမ်းပါတယ်။ လူတွေဟာ ဘုရားနဲ့ စာတန် ယှဉ်လာရင် စာတန်နောက်ကို သိပ်ဦးစားပေးကြပါတယ်။ ဘုရားအတွက် အလုပ် လုပ်မယ်ဆိုရင် ဖင်နာ ရတာနဲ့ ခေါင်းကိုက် ရတာနဲ့ပါ။ စာတန်နဲ့ဆို ပြောစရာ မလို အလိုလို ပါပြီးသားပါ။ သမီးလည်း စာတန် နောက်ကို အမြဲတမ်း လိုက်ချင်နေသူပါ။ သမီး သခင့်စကား စာစောင်မှာ ဒုတိယအကြိမ် သက်သေခံခြင်း ပါဘဲ။ ဘုရားသခင်ဟာ သူ့သားသမီးတွေ တောင်းရင် ပေးသလို သားသမီးတွေက သူ့ကို ကတိ ပေးထားရင်လည်း ကတိ တည်စေချင်ပါတယ်။ သမီး ကတော့ ဆုတောင်းတဲ့အတိုင်း ဘုရား ပေးသလို သက်သေခံဖို့ကို ကတိ ပျက်မိတော့ ဘုရား ပေးလိုက်တဲ့ ပြစ်ဒဏ်က သေမတတ်ပါဘဲ။ ကတိ မတည် တာလေးကို သက်သေ ခံပါရစေ။ ၁၇ ၊ ၁၈ စက်တင်ဘာ ၂၀၁၂ နေ့ရက် မှာပေါ့။ သမီးရဲ့ ဆရာက သူရဲ့သား အတွက် ဝယ်ပေး ထားတဲ့ အသစ်စက်စက် အိပ်ရာခင်း အဖုံး တစ်စုံ အကြောင်းပါ။ အိပ်ရာခင်း အဖုံးလေး ကို ကလေးအတွက် သမီး လဲပေးပြီး ၂ပတ် အကြာမှာ နောက်ထပ် အသစ်တစ်ခုနဲ့ ပြောင်းချိန်းခဲ့ပါတယ်။ အိပ်ရာခင်း အဖုံးလေးကို လျှော်ပြီး ခေါက်တဲ့ အခါမှာ ခေါင်းအုံးစွပ်ကလေး ပျောက်နေပါတော့တယ်။ ဘယ်လို ပျောက်မှန်း မသိပါဘူး။ သမီးရင်ထဲ ထိတ်ကနဲ ဖြစ်သွားပါတော့တယ်။ သမီး တစ်ယောက်တည်း ကြိတ်ပြီး ရှာရတာပေါ့။ ပြောပြရင် နားကို အူပြီး ကားထွက် လောက်အောင် အဆူခံရမယ်ဆိုတာ သိလို့ ကြိတ်ရှာခဲ့တယ်။ ရှာမတွေ့ခဲ့ပါဘူး။ သမီးလေ တအားကြောက်ပြီး ရင်တုန် ပန်းတုန် စားမဝင် သောက်မဝင် အိမ်ရှင်တွေကို ပြော မပြပဲ ၄ရက်ကြာခဲ့ပါတယ်။ အချိန်ရှိသရွေ့ ကျမ်းစာတွေ ရွတ်ဖတ်၊ ဆုတောင်းခဲ့ ပါတယ်။ အသစ်စက်စက်ကလေး ဖြစ်နေတဲ့အတွက် သမီးရဲ့ဆရာ သေမတတ် စိတ်တိုမယ် ဆိုတာ သိပါတယ်။ ကြောက်လည်း ကြောက်နေပါတယ်။ ခိုးပြီး အစားပြန်ဝယ်ထဲ့ ပေးဖို့အတွက် ကျတော့လည်း ဘယ်မှာသွားပြီး ဘယ်လို ဝယ်ရမှန်း မသိသလို အမျိုး အစားတူ ရှာမရမှာကိုလဲ စိုးရိမ်ရပါသေးတယ်။ ဘာမှ မလုပ်တတ် မကိုင်တတ်တဲ့ သမီးပါ။ ဝယ်ဖို့ကျတော့လည်း ပိုက်ဆံမရှိ၊ ၁လမှ ဒေါ်လာ ၂၀ ကလေးဘဲ ရသေးတာ ဆိုတော့ နမြောမိပါတယ်။ ဒီလိုနဲ့ ဘယ်လိုမှ လုပ်လို့မရ၊ မပြောမဖြစ် ပြောရမှာဘဲလေ။ တနေ့နေ့ သိသွားရင် အဆူခံရလိမ့်မယ်။ ပြီးရင် သူတို့က လူကို ယုံကြည်မှု ကင်းမဲ့ မယ် ဆိုတာ သိထားပါတယ်။ ဒီအတွက် ဘုရားသခင်ကိုဘဲ အားကိုး ရတော့ တာပေါ့။ ဘုရား သခင်ကို တအားဘဲ ဆုတောင်းခဲ့တယ်။ ဒီအသစ်စက်စက် ခေါင်းအုံး စွပ် ကလေး အတွက် စိတ်အေးရမယ်ဆိုရင် သခင့်စကားစာစောင်တွင် ဒုတိယအကြိမ် သက်သေ ခံပါ့မယ်လို့ ကတိပေးခဲ့ပါတယ်။ ဘုရားသခင် သမီးကို ချစ်လို့ တောင်းသည့် အတိုင်း ပေးလိုက်ပါပြီ။ သမီး ဆုတောင်းပြီး တနင်္ဂနွေနေ့မှာ သမီးရဲ့ ဆရာကို ကြောက် ကြောက် နဲ့ ဖွင့်ပြောလိုက်ပါတယ်။ ဆရာ သမီးကို ဘာမှ မဆူခဲ့ပါဘူး။ သမီး ကောင်း ကောင်း မလုပ်လို့ စကားလေးနဲ့ ပြီးသွားပါတယ်။ သမီးလေ တအားဘဲ ဝမ်းသာ လွန်းလို့ မျက်ရည်တွေ ဝဲလာပြီး သက်သေခံဖို့ကို အလေး မထားမိတော့ဘူး။ အလေး မထားမိတဲ့အလျောက် အိမ်ရှင်တွေနဲ့ အဆင်မပြေ ဖြစ်လာပါတယ်။ အချိန် ရှိသရွေ့ ဘာအတွက်ကြောင့်မှန်း မသိ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲနဲ့ပါ။ ကျန်းမာရေး လည်း မကောင်း ဖြစ်လာပါတော့တယ်။ စိတ်ထဲမှာ တွေးမိတိုင်း သက်သေခံဖို့ကို နှိုးဆွ နေပါ တယ်။ ဒါပေမဲ့ ဒီအဖြစ်အပျက်က လူကြားထဲ သက်သေခံရင် ခေါင်းအုံးစွပ် ပျောက် တာလေးကို ရေးကြီးခွင်ကျယ်လုပ်ပြီး သက်သေခံနေတယ်လို့ လူအများ အထင်သေး မေးငေါ့စရာ ရယ်စရာများ ဖြစ်နေမလားလို့ တွေးမိပြီး သိပ်ပြီး ဂရုမစိုက် မိခဲ့ဘူး။ နောက်ဆုံး ပိုဆိုးပြီး အလုပ်ပြောင်းဖို့အထိ ဒုက္ခတွေ ရောက်လာပါတယ်။ အဲဒီ အခါ ကျမှ သက်သေ မခံ မဖြစ် ခံရမယ်ဆိုတာ သိလိုက်ရပါတယ်။ အပြစ်တွေ ခွင့်လွှတ်ဖို့ ပြောရင်း သက်သေခံပါတော့မယ် သခင် လို့ပြောလိုက်ပါတယ်။ သခင် သမီးကို ခွင့်လွှတ်ပါ။ သမီးရဲ့ အပြစ်တွေကို တောင်းပန်ပါတယ်။ ခွင့်လွှတ်ဖို့ ပြောရင်း ဘုရား သခင် ရှေ့မှာ တရိုတသေ သက်သေခံလိုက်ပါတယ်။ အယောက်စီတိုင်း ဘုရား သခင်ရဲ့ အလိုတော်အတိုင်း လျှောက်လှမ်းနိုင်ကြပါစေလို့ ဆုမွန်ကောင်း တောင်းပေး လိုက်ပါတယ်...။ ။ တိုးတိုးစိုး

------------------

## အမျိုးသမီးများအတွက်





### အမျိုးသမီးများအတွက် ကိုယ်တွေ့

အလုပ်မှာ အဆင်မပြေကြလို့ စိတ်ညစ်နေကြတဲ့ ညီမလေးများ။ လစာ နည်းလို့၊ ခွင့်ရက် မရလို့၊ အပါတ်တိုင်း ထွက်ခွင့်မရလို့ ဆိုပြီး စိတ်ညစ် စိတ်ပျက် နေကြတဲ့ ညီမလေးများနှင့် နိုင်ငံခြားရောက် အမျိုးသမီးများအားလုံးကို စာရေးသူ ကိုယ်တွေ့လေး တစ်ခုနဲ့ သတိပေးပါရစေ။ အပြင် သွားလာတဲ့အခါ အထူး သတိ ရှိစေပါ။ မိမိရဲ့ စိတ်ညစ် စိတ်ပျက်နေတဲ့ အချိန်တွေနဲ့ ကြုံကြိုက်တဲ့အခါ အမှားအမှန် မဝေခွဲ တတ်ဘဲ ဖြစ်တတ်ကြပါတယ်။ မိမိ မသိတဲ့ လူစိမ်းတစ်ဦးက မိမိကို အလုပ် အင်တာဗျူး ပါရစေ။ မင်းဒီမှာ လုပ်တာ လစာနည်းမှာပေါ့။ မင်း တက်လမ်း မရှိဘူး။ ခွင့်ရက် မရှိလို့ မလွတ်လပ်ဘူး။ ငါ့ သူဌေးဆီမှာ လာလုပ်ပါလား။ တစ်လကို ဒေါ်လာ တစ်ထောင်နဲ့ အထက် ရမယ်။ အင်တာဗျူး ခနလိုက်ခဲ့ပါ။ မင်း အလုပ်ရအောင် သူဌေးကို ငါပြောပေးမယ်။

အဲဒါမျိုးတွေ ကြုံလာခဲ့ရင် လိမ်မာပါးနပ်စွာနဲ့ ရှောင်ထွက်လိုက်ပါ။ နား မယောင်လိုက်ပါနဲ့။ မယုံကြပါနဲ့။ သင်တို့ကို အန္တရာယ် ပေးတော့မယ်ဆိုတာကို ချက်ခြင်း သတိရလိုက်ပါ။ ။ အားလုံးကို ချစ်တဲ့ - ဖွန်ပန်း





-----------------------------------------------------------

### သက်သေခံချက် သဲမြတ်မွန် ( Thian Hnem Par )

ဟာလေလုယာ။ ဘုရားရှင်၏ နာမတော် ဘုန်းကြီးပါစေ။ သမီး စိတ်၊ ခန္ဓာ လွတ်မြောက် သွားတဲ့ အကြောင်း အနည်းငယ် ဝေမျှချင်ပါတယ်။ ယခင်က သမီးဟာ

ယေရှုကို ကယ်တင်ရှင် အဖြစ် လက်ခံယုံကြည်ပေမယ့် မိသားစု ပြဿနာတွေနဲ့ ကိုယ်ပိုင် အခက်အခဲတွေမှာ စိုးရိမ်ပူပန်ခြင်း၊ စိတ်ဓာတ်ကျခြင်းတို့ကို ခံစားခဲ့ရပါတယ်။ ဘုရားကျောင်းလည်း သွားတယ်။ ကျမ်းစာလည်း ဖတ်တယ်။ ချီးမွမ်းတယ်။ ဒါပေမဲ့ တကယ့် ပြဿနာနဲ့ ကြုံတွေ့ရတဲ့ အချိန်မှာ ကိုယ်တော့်ထံမှာ ငြိမ်သက်ခြင်း ( ငြိမ်ချမ်းခြင်း) ကို တောင်းခံခဲ့တယ်။ ဒါပေမဲ့ ရလား ဆိုတော့ မရခဲ့ပါဘူး။ သမီး အဖြေကို သိချင်တယ်။ သမီး သိချင်တဲ့ အဖြေကို ဝိညာဉ်တော်က ဖော်ပြပေးသွားပါတယ်။ သမီး ကို အလိုတော်အတိုင်း အုပ်စိုးတော်မူပါ။ ပြုပြင်တော်မူပါ။ သမီးရဲ့ စိတ်ထဲမှာ အသက်ရှင် တော်မူပါလို့ ဆုတောင်းခဲ့ပါတယ်။ သမီး ခရစ်တော်ကို ယုံကြည်တယ်။ ကျွန်ုပ်တို့ဟာ ယေရှုကို ကယ်တင်ရှင် အဖြစ် လက်ခံ ယုံကြည်လိုက်တာနဲ့ ခရစ်တော်က ကျွန်ုပ်တို့ရဲ့ အထဲမှာ ဝင်ရောက်နေပါတယ်။ ဇာတိပကတိ လူ့ စိတ်နဲ့ ဝိညာဉ်ပကတိစိတ် (ခရစ်တော်) နှစ်ခု ရှိတယ်။ ဘယ်သူမှ သခင် နှစ်ပါးရဲ့ အစေကို မခံနိုင်ဘူး မဟုတ်လား။ ခရစ်တော်က ကျွန်ုပ်တို့ကို အပိုင် ရယူချင်တယ်။ အုပ်စိုးချင်တယ်။ အမွေခံ စေချင်တယ်။ ဒါပေမဲ့ ကျွန်ုပ်တို့က အပိုင် မခံလိုက်တော့ ခရစ်တော်က ဘယ်လိုမှ အုပ်စိုးလို့ မရဘူး။ လူ့ဇာတိစိတ်ကို သေလိုက်မှ၊ ဖျက်ချလိုက်မှ ခရစ်တော်က အုပ်စိုးနိုင်မှာ ဖြစ်ပါတယ်။ အခုတော့ သမီးဟာ တကယ်ဘဲ ငြိမ်သက်ခြင်းကို ခံစားရပါတယ်။ သမီးရဲ့ ဇာတိစိတ်ကို သေ လိုက်ပြီး ခရစ်တော်ကို အုပ်စိုးခွင့် ပေးလိုက်လို့ပါ။ အရင်က ပူပင်ခြင်းတွေ၊ ဂမ်းနည်း ခြင်းလည်း ခရစ်တော်နှင့် တွေ့မှ ငြိမ်းချမ်း ခြင်းကို ခံစားရပါတယ်။ ဘယ်လိုဘဲ ဖြစ်ဖြစ် ဘယ်သူက ဆဲဆဲ၊ ဘယ်လို ခက်ခဲ ခြင်းနဲ့ ရင်ဆိုင်ရ အထဲက ဝိညာဉ်တော်က အုပ်စိုး နေတဲ့ အတွက် ဂမ်းမြောက် နေပါတယ်။ သမီး ညီအစ်ကို မောင်နှမများကိုလည်း ခွန်အား ပေးချင်ပါတယ်။ လူ့အထဲက လူ့ဇာတိစိတ်ကို သေစေပြီး ခရစ်တော်ရဲ့ အုပ်စိုးခြင်းကို ခံယူလိုက်ပါ။ ဘုရား ရှင်၏ သန့်ရှင်းသောဝိညာဉ်တော် အတိုင်း အသက်ရှင် ခွင့် ပေးလိုက်ပါ။ ဘုရား ရှင်၏ နာမတော်ကို ချီးမွမ်းပါတယ်။ ရှင်ယောဟန် ၁၄း၁၆ ခမည်းတော်သည် သမ္မာတရားကို ပြသော ဝိညာဉ်တော်တည်းဟူသော တပါးသော ဥပဇ္ဈာယ် ဆရာကို သင့်တို့နှင့်အတူ အစဉ်မပြတ် တည်နေစေခြင်းငှါ သင်တို့အား ပေးတော်မူမည်။ ။ သဲမြတ်မွန်

---



# တန်ဘိုး



## တန်ဘိုးထားတတ်ဖို့ဘဲလိုတယ်

*Marry ( ဖျာပုံ )*

စာရေးဘို့ အချိန်တွေ အများကြီးရှိနေလို့လဲ မဟုတ်ပါ။ စာပေ ရေးသားမြင်း၌ တတ်ကျွမ်း နေလွန်း၍လဲ မဟုတ်ပါ။ မသိသူ ကျော်သွား သိသူ ဖော်စား ဆိုသော စကားပုံလို မတတ် မသိတဲ့သူတွေကို ဆရာ အရမ်းလုပ်ချင်လို့လဲ မဟုတ်ပါ။ "မဟုတ်ပါ" များထဲမှ တန်ဘိုးကို သိရှိခံစားရပြီး ရောမ ကိုရောက် ရောမလို ကျင့်ရမည် ဆိုတဲ့ စကား၊ တံငါနားနီးတံငါ မုဆိုးနားနီးမုဆိုး စသော ဆိုရိုးစကားများ၊ အတုမြင် အတတ်သင် ရမည်ဆိုသော လောကနီတိများကို အလေးထားကာ ခွန်အားယူစရာ ကောင်းသော ဆရာသမားများကို အတုယူကာ ငါးပွက်ရာ ငါးစာချတတ်သော ကျမကို ဘုရားရှင်က အသိဉာဏ်နဲ့တကွ ဗျာဒိတ် ရူပါရုံတွေ ပေးပြီး၊ စင်္ကာပူမှာ ရောက်တုန်း ရောက်ခိုက် နောင်တစ်နေ့ကျရင် အကြောင်းမဲ့ ကုန်ဆုံးခဲ့ရသော အချိန်များ မဖြစ်စေရဘို့ သန့်ရှင်းသော ဝိညာဉ်တော် က တို့ထိခွင့် ပေးပါတယ်။

မြေညီလမ်းမှာ လမ်းလျှောက်ရင် အမှတ်မထင် လမ်းမှာ ခလုတ်တိုက်မိလျှင် ထို ဒဏ်ရာ အနာက အသည်းခိုက်အောင် နာကျင်မှု ခံစားကြရတတ်ပါသည်။ သခင့်စကား အမှတ်စဉ် ၁၁၈ အောက်တိုဘာ ၂၀၁၀ ခုနှစ်မှ ဘုရားသခင် ပို့ဆောင် ပေးသော သခင့်စကားစာစောင် ဆိုတဲ့ စာမူလေးကို ဖတ်ပြီး နှလုံးသားထဲမှ ခလုတ်တိုက်မိ သလို ခံစားလိုက်ရပါတယ်။ ဂါဂါ အနေနဲ့က ဘုရားသခင်၏ ကျေးဇူးတော်ကို ချီးမွမ်းတာ အမှန်ပါ။ သူအရမ်း ဖတ်ချင်နေတဲ့ သခင့်စကားစာစောင်ကို ဘုရားသခင် ပို့ဆောင် ပေးတယ်လို့ ဆိုပါတယ်။ သူမအတွက် အချိန်မှီဘို့ တန်ဖိုးရှိစွာ ခံစား လိုက်ရပါတယ်။ ချီးမွမ်းခြင်းရဲ့ အဆုံးမှာ ဆာလံ ၁၀၇း၉ အကြောင်းမူကား တောင့်တ သော ဝိညာဉ်ကို ရောင့်ရဲစေ၍ မွတ်သိပ်သော ဝိညာဉ်ကိုလည်း ကောင်းသောအရာနှင့် ဝ စေတော်မူ၏ ဆိုသော ကျမ်းပိုဒ်နှင့် အဆုံးသတ်ထားပါတယ်။ ဆာလံ ၁၀၇ အခန်းကြီး တခုလုံးဟာ ဒုက္ခဆင်းရဲမှ ကယ်ခံရသူတို့ ဆိုသော ဆာလံ ဖြစ်ပါတယ်။ စာရေးသူ အပါအဝင် စင်္ကာပူရောက် အလုပ်သမား တော်တော်များများဟာ ဒုက္ခ တစ်မျိုးစီ ရောက်ဖူးကြပါလိမ့်မည်။ ဆာလံ ၁၀၇အားဖြင့် ခွန်အားယူစေချင်ပါသည်။ ဆာလံ ၁၀၇း၄၃ မှာ အကြင်သူသည် ပညာရှိ၏။ ထိုသူသည် ဤအမှုတို့ကို ဆင်ခြင်၍ ထာဝရဘုရား၏ ဂရုဏာကျေးဇူးတော်ကို နားလည်လိမ့်မည်။ ဤကျမ်းပိုဒ်ကို လေးလေး နက်နက် ဆင်ခြင်စေလိုပါသည်။ လူမိုက်လက် ပတ္တမြားရောက် လျှင် တန်ဘိုး မသိနိုင်သည်က အဆန်း မဟုတ်ပါ။ ထိုသို့သော သာဓကများ တန်ဘိုး မသိ သူများ လောကတွင် ဒုနဲ့ဒေး ရှိကြပါသည်။ အရာရာသည် သူ့တန်ဘိုးနှင့် သူ ရှိနေပါသည်။ မှန်နိုင်ပါသည်။ စင်ကာပူ ဒို့ဘီကို့ ရထား ဘူတာရုံနားမှာ ကောက်ရသော သခင့်စကားစာစောင်ကို တိုင်းရင်းသားဘာသာနဲ့ ရိုက်ထားသော ဂတ်ပြု အစီအစဉ် စာရွက်နဲ့အတူ တွေ့ရသော ဝါဝါ က ရည်းစားစာထက် အဆပေါင်းများစွာ သာလွန်တဲ့ ပီတိရသ ခွန်အားကို ပေးသော စာစောင်လို့ တန်ဘိုး သတ်မှတ်ပါသည်။ ဒါဆိုရင် ကျကျန် ခဲ့တဲ့သူက မတော်တဆ ကျကျန်ခဲ့တာလား။ တန်ဘိုး မပေးရ အခမဲ့ ရခဲ့ လို့လား။ ဘာအကြောင်းများကြောင့် ပါလဲလို့။ ဒီလိုမျိုးတွေ တစ်ကြိမ်မက တွေ့မြင်ရရင် ၁၀နှစ်ပြည့် အတိုင်းအတာထိ ဓမ္မဒါနပြုနေသူအဖို့ ကုန်လွန်ခဲ့သော အချိန်နာရီ နေ့ရက် အရင်းအနှီးနဲ့ ခွန်အားစိုက်ထုတ်မှုတွေ အတွက် အမြော်အမြင် ဘယ်လောက်ရှိတယ်။ မဟာဗျူဟာ ဘယ်လောက်ကောင်းတယ်။ ဦးဆောင်သူနဲ့ ဦးဆောင်မှု တန်ဘိုးကို မည်မျှ သတ်မှတ်ပါမည်လဲ။ အားလုံး အထင်အရှား ရှိနေကြပါသည်။ ရိုးသားသောသူသည် ပတ္တမြား တစ်လုံး၏ တန်ဘိုးကို သိနိုင်မည် မဟုတ်သော်လည်း ယနေ့ အင်တာနက် ခေတ်တွင် လူတိုင်း တန်ဘိုးကို မြင်နိုင် သိနိုင် နေကြပါပြီ။ သိနိုင်ခွင့် ရှိလျှက် တန်ဘိုးမသိကြ သူများသည် လူ့အတ္တများ၊ ပညာမဲ့များ၊ သူရူးများ၊ လူမိုက်များသာ ဖြစ်ပါလိမ့်မည်။ သမ္မာကျမ်း စကားနှင့် မှီငြမ်းကြည့်ပါလျှင် တန်ဘိုး ဆိုသည်မှာ ခံစားမှုနှင့်၎င်း၊ နာခံမှုနှင့်၎င်း၊ အသုံးဝင်မှုနှင့်၎င်း၊ နားလည်မှုနှင့်၎င်း ယေဘုယျအားဖြင့် တိုင်းတာနိုင်ပါသည်။ ခံစားမှုများ မရှိသောသူများ၊ မသိချင်ယောင်ဆောင်သောသူများ၊ နားလည်မှု မရှိသောသူများ၊ တစ်ကိုယ်ကောင်း ဆန် အတ္တ ကြီးမားသူများမှာ တန်ဘိုး အမှန်ကို ဘယ်တော့မှ သိကြသူများ မဟုတ်ကြပါ။ မင်းအောင်သက်လွင် စီစဉ်သော သခင့်စကား ဝိညာဉ်ရေးရာ စာစောင်ကို ဒေါ်လာ သန်းရာကျော်မျှ အဖိုးစားနား ဖြတ်ထားသော ပန်းချီကားတစ်ချပ်လို ပန်းချီရဲ့ လက်ရာ ကိုသော်၎င်း၊ ရှေ့ဟောင်း အမွေအနှစ်အရ၎င်း၊ ဆရာကြီးများရဲ့ ကျော်ဇော်မှု အရ၎င်း ရခဲလှသော လက်ရာအရ၎င်း၊ ဤသို့သော ရှုထောင့်တစ်ခုခုနှင့် မကြည့်နိုင်လျှင် ဒေါ်လာသန်းပေါင်းများစွာ တန်သော ထိုပန်းချီကား နည်းတူ ထို ပန်းချီကား၏ တန်ဖိုးမှာ ဤမျှလောက် များပြားလိမ့်မည် မဟုတ်ပါ။

တန်ဘိုးသည် ကြည့်သောသူ၊ ခံစားသောသူ၊ နားလည်သောသူ အပေါ်လိုက်၍ အနိမ့် အမြင့်ရှိနိုင်ပါသည်။ တန်ဘိုးမရှိသော အရာကား ရှိနိုင်မည် မဟုတ်ပါ။ တန်ဘိုး တစ်ခုကို ရှာဖွေတွေ့ရှိ၍၎င်း၊ မစာနာ၍၎င်း မရှိခြင်းသာ ဖြစ်နိုင်ပါတယ်။ သမိုင်း ဘာသာမှာ သင်ခဲ့ရသော ကျွန်နဲ့ ပဒေသရာဇ်ခေတ်တို့မှာ လူတွေရဲ့ တန်ဘိုးမှာ ဘာမှ ရှိခဲ့သည် မဟုတ်ပါ။ စက်မှုတော်လှန်ရေးအပြီးမှာ လူသားတို့ရဲ့ တန်ဘိုးအနည်းငယ် တက်လာ ပါသည်။ ယနေ့ ၂၁ရာစုမှာ လူသားတို့ရဲ့ တန်ဘိုး ရှေ့တန်းသို့ အများကြီး ရောက်လာသလို လူတွေရဲ့ တန်ဘိုး သာမက မဟာယဉ်ကျေးမှု တန်ဘိုး ဖောက်သည် ၏ တန်ဘိုး။ ထုတ်လုပ်မှု တန်ဘိုး စသည်ဖြင့် အရာရာတိုင်းမှာ (Value) ဆိုတဲ့ တန်ဘိုးများကို ထည့်သွင်း ချင့်ချိန်လာကြသည်။ တန်ဘိုးတွင် ငွေနှင့်တိုင်းတာ၍ ရသော တန်ဘိုးနှင့်၊ ငွေကြေးနှင့်တိုင်းတာ၍ မရသော တန်ဘိုး ဆိုပြီး အကြမ်းဖျင်း၂မျိုး ခွဲလို့ရပါတယ်။ ငွေကြေးဖြင့် တိုင်းတာရသော ပတ္တမြားတစ်လုံးမှာမူ အရည် ပေါ်လိုက်၍ တန်ဘိုး ကွဲပြားနိုင်ပါတယ်။ အရည်မပါ ကျောက်တွေမှာ တန်ဘိုး တွက်ဆ ရာ၌ အရေ အတွက်နှင့် ထုထည်က အရေးပါသော်လည်း အရည်ကောင်းလျှင် ထုထည် ပမာဏက အရာမဝင်တော့ပါ။ လက်သည်းခွံလောက် ကျောက်တစ်လုံး၏ တန်ဘိုး သည် သိန်းပေါင်း ထောင်သောင်းမက တန်နိုင်သည်။ လူသားတွေကတော့ ထိုသို့ မဟုတ်ပါ။ တကယ့် လူတော်တစ်ဦးကို ကောင်းစွာ အသုံးချနိုင်လျှင် တန်ဘိုးသည် တိုင်းဆ၍ မရတော့ပါ။ Productive ဖြစ်သည်ဟုသာ ပြောနိုင်ပေမည်။ စင်္ကာပူလို နိုင်ငံ သေးသေးက ဘာမှမထွက်ဘဲ တိုးတက်နေသည်မှာ ခေါင်းဆောင် လီကွမ်ယု ကြောင့်ဆိုသော် ငြင်းမည့်သူ ရှိမှာမဟုတ်ပါ။ လီကွမ်ယု ကို မည်သို့ တန်ဘိုးသတ်မှတ် ပါမည်နည်း။ ငွေဖြင့် တန်ဘိုး သတ်မှတ်၍ မရချေ။ ဒါကြောင့် မြတ်သော မင်္ဂလာ သုတ္တံစကားက ငွေအရင်၊ ငါ့နည်းကို၎င်း၊ မြတ်သော ရွှေအရင်၊ ပညာအတတ်ကို၎င်း ခံယူကြလော့။ အကြောင်းမူကား ပညာသည် ပတ္တမြားထက်သာ၍ မြတ်၏။ နှစ်သက်ဖွယ် သမျှသော အရာတို့သည် ထိုအရာကို မပြိုင်နိုင်ကြ သုတ္တံ၈း၁၀-၁၁။ ပညာ တော့ တတ်ကြပါသည်။ သို့သော်လည်း ပေးသနားတော်မူသော ထာဝရဘုရား ရှင်၏ မျက်နှာတော်ကို မထောက်ဘဲ ဥပေက္ခာပြု အသုံးချ၊ တန်ဘိုးချ ကြသည်လည်း ရှိနိုင်ပါသည်။ ပညာသည် တန်ဘိုးရှိသည်ဟု ရှေးကတည်းက လက်ခံထားကြသည်။ တန်ဘိုးရှိသော ပညာကို ယခုခေတ် ကလေးများ တန်ဘိုးရှိသော ငွေ အသပြာနှင့် ဂယ်ယူ နေကြရသလို ကျမ ခံစားရပါသည်။ ကောင်းပေ့၊ ညွှန့်ပေ့ ဆိုသော တက္ကသိုလ် များကို ဖွင့်လှစ်ကြသည်။ ဒါက မမြင်ရသော တန်ဘိုးကို ဖန်တီးယူနေခြင်း ဖြစ်သည်။



သခင့်စကား ဝိညာဉ်ရေးရာ စာစောင်။ အမှတ်စဉ် ၁၄၇ နိုဝင်ဘာလ ၂၀၁၃ ခုနှစ်။
နိုင်ငံတကာမှ မြန်မာခရစ်ယာန် အသင်းတော်နှင့်မိတ်သဟာယများ အတွင်း အခမဲ့ ဖြန့်ချိရန် ကန့်သတ် ထုတ်ဝေသည်။

ထို ဆောင်ရွက်ချက်များသည် အဆောက်အအုံတစ်ခု ကဲ့သို့ နေ့ချင်းညချင်း ထွက်ပေါ်လာနေသလို မမြင်သာ ပေမဲ့ ထိုတန်ဘိုးက ပို၍ကြီးမားကြသည်။ ပညာရေးဖြင့် မိမိ အနာဂတ်ကို ဖန်တီးနိုင်ကြရန်သာ ဖြစ်နိုင်သည်။ ပညာက သီးပွင့်သော အတတ်ပညာအားဖြင့် ထုတ်ကုန် ဂန်ဆောင်မှုများ အဖြစ် ဖန်တီးပြီး စီးပွားရေးအသွင် ပြောင်းရသော ခေတ် ဖြစ်လာပါပြီ။ ထို့ကြောင့် ပညာကို မည်မျှတန်ဘိုး ဖြတ်ရပါမည်နည်း။ ပညာကို မည်သို့ခံစား ပါမည်နည်း။ တန်ဘိုးကို ခံစားနိုင်သူကသာ သိနိုင်ပါသည်။ နားလည်သူများကသာ သိနိုင်ပါသည်။ မိုက်မဲသူများ၊ အသိ မရှိသူများ သိနိုင်မည် မဟုတ်ပါ။ အထူးသဖြင့် အတိုင်းအဆမဲ့ ထုတ်လုပ်သော လူသားများ၏ တန်ဘိုးကို ကမ္ဘာကပင် အသိအမှတ်ပြု အလေးထား သင်ကြားနေသော ခေတ်တွင် လူတို့၏ တန်ဘိုးကို ကျွန်ုပ်တို့လည်း ကောင်းစွာသိရှိရန် လိုပါသည်။ ဘုရားသခင်က ဖန်ဆင်းရှင် ဖြစ်သည်။ အရာရာကို လူက ဖန်တီးသောကြောင့် ဖြစ်သည်။ လူက ထုတ်လုပ်ခဲ့သော ပညာများကိုလည်း တန်ဘိုး အနဂ္ဃထားရှိပေသည်။ ရှေးခေတ်ကလို ဟင်းရွက် ကန်စွန်းရွက် ရောင်းသော ခေတ် မဟုတ်တော့ပါ။ ပညာသည် ထပ်တိုး တန်ဘိုးများကို ပေးကာ ဉာဏ် အမြော်အမြင်ဖြင့် အနာဂတ်ကို ဖန်တီး၍ ပြိုင်ဆိုင်ရသော ခေတ် ဖြစ်လာသည်။ ခေါင်းဆောင် တစ်ယောက် စာတည်းဖြတ်သူ တစ်ယောက်ကို ပွင့်ပွင့်လင်းလင်း ဝေဖန်ရမည်ဆိုပါက ထိုသူ၏ ခေါင်းဆောင်မှုများသည် သာမာန်ကာ လျှံကာ အရည်အချင်းမျိုးနှင့် ရနိုင်မည် မဟုတ်ပါ။ ပညာ အခြေခံသည် ဆိုသည့်ထဲမှ မည်မျှ ပညာ ထက်သည်။ အမြော်အမြင် ဘယ်လောက်ရှိသည်။ မဟာဗျူဟာ ဘယ်လောက် ကောင်းသည်။ ဆိုသော ကြောက်ခမန်းလိလိ အရည်အချင်းများနှင့် ရှိနေပေလိမ့်မည်။ အဘိုးအနဂ္ဃ တန်သော တန်ဘိုးများ ပေတည်း။

တန်ဘိုး ထားတတ်လျှင် အရာရာသည် တန်ဘိုး ရှိပါသည်။ တန်ဘိုး အမှန်ကို သိရန်သာ ဖြစ်သည်။ သာမန်အိမ်ထောင်စုလေး တစ်ခု၏ အိမ်ထောင်ဦးစီးမှသည် အဖွဲ့အစည်း၏ ခေါင်းဆောင်၊ နိုင်ငံတော်၏ သူရဲကောင်းများမှာ သူ့တန်ဘိုးနှင့် သူ ရှိနေ ကြသည်။ ဖြတ်၍ရသော တန်ဘိုး မဟုတ်သော်လည်း တာဂန်ခံနိုင်မှုသည် ထို ခေါင်းဆောင်၏ အမှန်တန်ဘိုးသာ ဖြစ်သည်။ ယနေ့ မျက်မှောက်ခေတ် ကျွန်မတို့တွေ စီးပွားရေးဖြင့် ကောင်းကင်နိုင်ငံတော်ကို တည်ဆောက်ပြီး ပညာရေးဖြင့် အနာဂတ်ကို ဖန်တီးကြစို့။ ။ Mary ဖျာပုံ

--------------------

## ဂဏန်းမိသားစု

### ဂဏန်းမိသားစုအိမ်

*(ကွေ့ကုန်းအသင်းတော်- ရှီးရှု)*

ကျမနဲ့ မစိုး ရောက်ရှိနေတဲ့ နေရာလေးဟာ ဂဏန်း မိသားစု အိမ်လေး ဖြစ်ပါတယ်။ ဂဏန်းဆိုတဲ့ သတ္တဝါဟာ အပြင်မှာ ရှိနေတဲ့ လူတွေကို မညှပ်ပါဘူး။ တွင်းထဲမှာ ရှိနေတဲ့ အရာတွေကိုသာ ညှပ်ပါတယ်။ ကျမရဲ့ သူဌေးတွေဟာ အပြင်မှာ ရှိတဲ့ လူတွေကို အပြစ် မမြင်ဘူး။ အမြဲ အကောင်း မြင်ပေးတယ်။ အိမ်ထဲမှာ ရှိနေတဲ့ ကျမနဲ့ မစိုး ကိုတော့ ဘယ်လောက်ဘဲ ကောင်းအောင် လုပ်ပေး လုပ်ပေး။ ဘယ်တော့မှ အကောင်း မမြင်ပါဘူး။ သူမ အမြဲပြောတယ်။ လူတိုင်းကို ချစ်ခြင်းမေတ္တာ ထားရမယ်။ ကြင်နာ တတ်ရမယ်တဲ့။ တကယ်တမ်းကျတော့ သူမ ဆီမှာ ဒီအရာတွေ အားလုံး မရှိပါဘူး။ သူမ ပေးလှူတဲ့နေ့ဟာ ကျမနဲ့ မစိုး စိတ်ညစ်ရတဲ့နေ့ပါဘဲ။ ဘာဖြစ်လို့လဲ ဆိုတော့ သူမ ပေးလှူတဲ့ အစာတွေကို တခြားလူတွေ အကုန် စားပစ်လိုက်မှာ စိုးလို့ပါ။ အိမ်ကိုလည်း သယ်မှာ အရမ်းကြောက်တယ်။ ဒီအဖြစ်တွေမြင်တိုင်း ခံစားရတိုင်း ကျမတို့ မြန်မာတိုင်းရင်းသား ဘုရားကျောင်းမှာ ကျွေးတဲ့ ထမင်း၊ မုန့်ဟင်းခါ၊ ကြာဇံချက်တွေကို ဘုရားကျောင်းလာ လူ အယောက်စီတိုင်းကို မစားရမှာ စိုးလို့ ဆရာမှာ လိုက်ခေါ်ပြီး တော့ စားခိုင်းပါတယ်။ အတင်းကို မစားလိုက်ရမှာ စိုးလို့ လိုက်ခေါ်နေပါတယ်။ အချိန် မရလို့ မစား အားတဲ့ ကျမကိုတော့ တခါတလေ အထုပ်နဲ့ ထည့်ပေး လိုက်ပါတယ်။ ကျမ သူဌေးနဲ့တော့ တခြားစီပါဘဲ။ ကျမတို့ ဆရာရဲ့ စိတ်ဓာတ် ကတော့ ကုန်ရင် အေး၊ ရင်ပူ ရတယ်သေး ဆိုတဲ့ အနေအထားကို ပြနေပါတယ်။ ဒါပေမဲ့လဲ တခြားသော သူတွေနဲ့ ယှဉ်ရင် ကောင်းကြီး ခံစားရတာ အနည်းငယ်ကို ရေးပါရစေ။ ကျမ သူတို့နဲ့ အတူ တနင်္ဂနွေနေ့တိုင်းမှာ ဘုရားကျောင်းကို လိုက်ပါတယ်။ နေ့လည်စာ အတွက် ကျမ ယူပေးရပါတယ်။ သူတို့ စားဖို့ရန်အတွက် ယူပေးရတာက ကိစ္စ မရှိပါဘူး။ နဲတယ် များတယ်လို့ ပြောရင် စိတ်ထဲ မကောင်းဘူး။ ကိုယ်က နောက်လူ အတွက်လည်း ကြည့်ပေးရတယ်လေ။ ကျမရဲ့ အန်တီ အားပေးမှု ကြောင့် ကျမ အမြဲ ဆုတောင်းခဲ့တယ်။ အခုတော့ ကျမ သူတို့ အတွက် အစာတွေ ယူပေးစရာ မလို တော့ဘူး။ သူတို့ အချင်းချင်း စကားများကြလို့ဘဲ ကလေးတွေ အတွက်လောက်ဘဲ ယူပေး ရတော့တယ်။ ကျမ အရမ်း အဂမ်းသာဆုံး တခုကတော့ ၂၀၁၃ ကျရင် ကျမ သူတို့နဲ့ ဘုရားကျောင်း လိုက်စရာ မလိုတော့ဘူး။ ကျမ အပါတ်တိုင်း ခွင့်ရက် ထွက်လို့ ရပြီလေ။ ဒါကတော့ ကျမ ခံစားရတဲ့ ကောင်းကြီးပါဘဲ။ ကျမရဲ့ ဘုရားကျောင်းကို အပါတ်တိုင်း သွားခွင့်ရတဲ့ အတွက် အရမ်းကို ပျော်ရွှင်မိပါတယ်။ အခု ဘာလိုလိုနဲ့ ဒီဇင်ဘာ ရောက်တော့မယ်။ ခရစ္စမတ် ရောက်ရင် အမြဲတမ်း စိတ်ညစ် စိတ်ဆင်းရဲ ရတယ်။ အခုလည်း ဆုတောင်းခြင်းနဲ့ဘဲ ခရစ္စမတ်ကို ကြိုဆိုရမှာဘဲ။ ခရစ်ယာန်တွေ ဖြစ်ပြီး နားလည်မှု မရှိဘူး။ အန်တီရဲ့ အားပေးမှုနဲ့အတူ စာချုပ်ပြည့်တဲ့ အထိကို ကြိုးစား ပြီးတော့လည်း လုပ်ပါမယ်။ ကျမနဲ့ အတူ အလုပ်လုပ်ခဲ့တဲ့ မစိုး ကတော့ အရှုံးပေးပြီး ပြန်သွားပါပြီ။ ခွင့်လွှတ်ပါ အန်တီ။ အလုပ်ဆက်လုပ်ဘို့ ခေါ်ပေမဲ့လဲ မလုပ်တော့ဘူး နော်။ လစာ တိုးပေးမယ် ပြောလည်း မယူတော့ဘူးနော်။ တိတ်ဆိတ်ပြီး အေးချမ်းတဲ့ ဘုရားကျောင်းလေးကို လွမ်းလို့ ၂၀၁၃ အောက်တိုဘာ ကျရင် ပြန်လာတော့မယ်နော်။ ဘုရားရှင် အားလုံးကို ကောင်းကြီး ပေးပါစေ။ ။

--------------------

## မိတ်ဆွေ-ညီအစ်ကို---

### မိတ်ဆွေ-ညီအစ်ကို စွဲကပ်သည်ထက် သာ၍စွဲကပ်သူ *(ဆရာစောစံအောင်)*

(A friend who sticks closer than a brother) အပေါင်းအဘော် များသောသူသည် အကျိုးနည်း ရှိတတ်၏။ မိတ်ဆွေမူကား၊ ညီအစ်ကို စွဲကပ် သည် ထက် သာ၍ စွဲကပ်တတ်၏။ (သုတ္တံ ၁၈း၂၄)။



သုတ္တံကျမ်းကို ရေးသားပြုစုသူ ရှောလမုန်၏ ပညာ စကားတို့သည် မှတ်သား နာယူဘွယ်ဖြစ်၏။ ရှောလမုန်က မိတ်ဆွေ ရှိခြင်းနှင့် စပ်လျဉ်း၍ ပြောထားသည်။ လူတိုင်း၌ မိမိနှင့် နီးစပ်ရာ မိတ်ဆွေ အပေါင်းအသင်း ရှိကြစမြဲ ဖြစ်သည်။ လူတစ်ဦးသည် သူတပါးနှင့် မပေါင်းဖေါ်ဘဲ မိမိတကိုယ်တည်း အထီးကျန်နေရန် ဘုရား အလိုတော် မရှိပါ။ လူတိုင်း၌ အပေါင်းအဘော်ကောင်းများ ရှိဖို့ရန် လိုအပ်ပါသည်။ အပေါင်း အဘော်များတိုင်း ကောင်းသည်ဟု မဆိုသာ နိုင်ပါ။ သုတ္တံဆရာက အပေါင်း အသင်း များသောသူ၌ ဖြစ်တတ်သော ဆိုးကျိုးကို ထောက်ပြထားသည်။ မှန်ပါသည်၊ မိမိ၏ လူမှုဆက်ဆံရေးကောင်းခြင်း၊ ဂုဏ်ထူး ရာထူး အရှိန်အဝါ ကောင်းခြင်း၊ ကျွေးမွေးပေးကမ်း မစနိုင်ခြင်းဖြင့် အပေါင်းအဖေါ်များ ပေါ်များတတ်ပါသည်။ မိမိ၌ အထက်ပါ အချက်အလက်များ မရှိတော့သည့် အခါတွင်မူ ထိုအပေါင်း အဘော်များ နည်းသွားတတ်သည်။

ကောင်းသော မိတ်ဆွေဟူသည်မှာ တစ်ပါးသူကို ချစ်ခင်၍ သူတစ်ပါးအကျိုးကို ကြည့်ရှုတတ်၏။ ဖြောင့်မတ်သောသူသည် အိမ်နီးချင်းမိတ်ဆွေများကို လမ်းပြ တတ်၏။ သတိပေးတတ်၏ (သု၊ ၁၁း၂၆)။ အစဉ်သဖြင့် ချစ်တတ်၏ (သု၊ ၁၇း၁၇)။ ဒါဝိဒ်နှင့် ယောနသန်သည် ကောင်းသော မိတ်ဆွေဖွဲ့ခြင်း ရှိခဲ့၏။ တစ်ယောက်ကို တစ်ယောက် သစ္စာ ပြုကာ အကျိုးပြုကြသည်။ သစ္စာမဲ့သော အပေါင်းအဖေါ် မူကား မိမိကိုယ်ကျိုးကို ရှေ့ရှုတတ်၏။ အပေါ်ယံ ဟန်ဆောင် ချစ်ခြင်းရှိ၏။ ယုဒ ရှကာရုတ်ကဲ့သို့သော မိတ်ဆွေ ကိုမူ မည်သူကမှ လိုချင်ကြမည် မဟုတ်ပါ။ ကောင်းသော မိတ်ဆွေ ကို အဘယ်မှာ ရနိုင်မည်နည်း။

ယေရှုခရစ်သည် ကျွန်ုပ်တို့ အယောက်တိုင်းအတွက် ကောင်းသော မိတ်ဆွေ ဖြစ်ပါသည်။ ကိုယ်တော်သည် ကောင်းကင်မှ လူ့လောကသို့ လူ့ဇာတိအဖြစ် ခံ ယူကြွလာခဲ့သော ဘုရား ဖြစ်သည်။ ကျွန်ုပ်တို့အပြစ်အတွက် လက်ဂါး ကပ်တိုင် ပေါ်မှာ မိမိ အသက်ကို စွန့်ခဲ့ပြီး သုံးရက်မြောက်သောနေ့၌ ထမြောက်ရှင်ပြန်ခဲ့သည်။ သူ့ကို ယုံကြည်သူများအား အဆုံးတိုင် ချစ်တော်မူ၍ လိုအပ်ချက်များကို မစပေးသော အရှင် ဖြစ်သည်။ ကျွန်ုပ်တို့ ဆုတောင်းချက်များကို အဖြေပေးလျက် ရှိပါသည်။ ကျွန်ုပ်တို့ အပေါ် နားလည်မှု ရှိသည်။ ကျွန်ုပ်တို့ကို အဘယ်သောအခါမျှ စွန့်ပစ်တော်မူမည် မဟုတ်ပါ။ ဒုက္ခရောက်စဉ် ကူညီ မစပေးရန် အစဉ်သဖြင့် အဆင်သင့် ရှိနေပါသည်။ ယေရှု ကိုယ်တော်ကဲ့သို့သော မိတ်ဆွေကို ရှာ၍ မရနိုင်။ ယေရှုသည် သင့်အတွက် မိတ်ဆွေကောင်း ဖြစ်သကဲ့သို့ သင်သည်လည်း ယေရှုအတွက် မိတ်ဆွေကောင်း ဖြစ်ပါမည်လား။ သစ္စာနှင့်ပြည့်စုံသော မိတ်ဆွေ ဖြစ်ကြပါစို့။

အို သခင်ယေရှု ကိုယ်တော်နာမကို ချီးမြှောက်ပါ၏။ အစဉ်သဖြင့် ကိုယ်တော်ကို ကိုးစားပါမည်။ သစ္စာရှိသော ငယ်သားကောင်း ဖြစ်နိုင်ရန် မစ တော်မူပါ။ ကိုယ်တော် နှစ်သက်သော အသက်ရှင်ခြင်းမျိုး ဖြစ်ရန် လုပ်ဆောင်လိုပါ၏။ ကိုယ်တော်သည် ကျွန်ုပ်နှင့်အတူ အစဉ်အမြဲရှိသော မိတ်ဆွေကောင်း ဖြစ်ပါ၏။ နေ့စဉ် ကိုယ်တော့်လမ်း၌ အစဉ် လျှောက်နိုင်ရန် မစတော်မူပါ။ (အာမင်)

--------------------------------------------------------------

The LORD'S Word 3-147

သခင့်စကား ဝိညာဉ်ရေးရာ စာစောင်။ အမှတ်စဉ် ၁၄၇ နိုဝင်ဘာလ ၂၀၁၃ ခုနှစ်။

နိုင်ငံတကာမှ မြန်မာခရစ်ယာန် အသင်းတော်နှင့် မိတ်သဟာယများ အတွင်း အခမဲ့ ဖြန့်ချိရန် ကန့်သတ် ထုတ်ဝေသည်။



## ရွေးချယ်ရာ

*L နန်ကိုင်*

# ရွေးချယ်ရာ

မိတ်ဆွေရယ်။ တို့ရင်မှာ အချိန်တိုင်း ဒီအတွေးတွေ ပျောက် မသွားနိုင်ခဲ့ပါ။ အချစ်မိတ်ဆွေရယ် တို့တွေရဲ့ အနာဂတ် လေးဟာ ရပ်တန့်ထားလို့ မရတဲ့အချိန်တွေ ကျော်လွန်သွားသ၍ တို့တွေရဲ့ နောက်ဆုံး အချိန်ဟာ ရောက်လို့လာဆဲပါ။ သင်ဟာ လက်ရှိဘဝနဲ့ စိတ်ကူးယဉ်မှုတွေကိုသာ ပိုင်ဆိုင်ခွင့် ရမှာပါ။ မပြီးဆုံးနိုင်တဲ့ မနက်ဖြန်ဆိုတဲ့ အနာဂတ်လေးနဲ့ ရှင်သန်နေတဲ့ အသက်ဝိညာဉ်ကိုတော့ သင် ပိုင်ဆိုင်နိုင်သည် မဟုတ်ပါ။ တကယ်လို့များ သင်ဟာ အခုချိန်မှာ အသက်မီးဇာ ကုန်သွားလို့ ရှိရင် သင့်ရဲ့ ဝိညာဉ်ဟာ ဘယ်ကို သွားမှာလဲ။ လောက လူသားတွေ အားလုံးဟာ နောက်ဆုံး အကြိမ်နဲ့ သေခြင်းကို ရှောင်၍ မရပါ။ အချစ် မိတ်ဆွေရယ် စဉ်းစားကြည့်ပါအုံး။ မသေချာနိုင်တဲ့ သံသရာကြီးထဲမှာ သင့် ဝိညာဉ် ပျောက်ဆုံးခဲ့မယ်ဆိုရင် သင်သွားမဲ့ လမ်းဟာ နိစ္စဘုံ ရွှေပြည်တော်ကို သွားမှာ လား။ ဒါမှမဟုတ် ငရဲမီးအိုင်ထဲမှာ သင့်ဝိညာဉ်ထာဝစဉ် သေဆုံးခံမလား။ လူအဖြစ် ရှင်သန် နေချိန်မှာ သွားရမဲ့ လမ်းဟာ ၂လမ်းတည်းပါ။ ရွှေပြည်တော်ကို သွားချင် ရင်တော့ သင့်စိတ်နှလုံးသားကို သခင့် အတွက် နေရာပေးနိုင်ဖို့ ကြိုးစားပြီး ပြင်ဆင် ထားလိုက်ပါ။ နောက် မကျသေးပါဘူး။ ယေရှုရှင်ဟာ တို့တတွေ အားလုံးအတွက် ထာဝရ အသက်ကိုပေးရန် အခုထိ စောင့်နေဆဲပါ။ အခုချိန်မှာ တို့တွေရဲ့ ကျွန္တာရ ခရီးကြမ်း လှိုင်းထန်နေလည်း အသက် စွန့် ပေးဆပ် သခင့်အတွက် အစေခံကြစို့။

-------------------------------

# ဖက်ရှင် နှလုံးသား



## ဖက်ရှင်ကျသော နှလုံးသား *(နန်းသီတာအေးရွှေ)*

နှလုံးသားသည် အသက်၏ အခြေအမြစ် ဖြစ်သောကြောင့် သင်၏နှလုံးကို အထူးသဖြင့် စောင့်ရှောက်လော့ (၁၃၄း၂၃)

တစ်နေ့မှာ On line ကနေ သူငယ်ချင်း လှကေသီစော ကို တွေ့လိုက်ရတယ်။ အသက် (၄၇) ကျော်နေပေမဲ့ သူက မင်းသမီးလို လှပစွာ ဝတ်စားပြီး Style ကျကျ လမ်းလျှောက်နေပုံက ကျွန်မ မျက်စိထဲမှာ အလွန် ကြည့်ကောင်းပါတယ်။ ကျွန်မ လည်း မိမိကိုယ်ကို ပြန်ကြည့်မိပါတယ်။ မိမိ အသက်တာ၏ အပြင်ပန်းကို ကြည့်ပြီး သုံးသပ်မိပါတယ်။ အပြင်ပန်း မည်မျှပင် ဆွဲဆောင်မှု အပြည့် ရှိပါစေ။ အတွင်း နှလုံးသား အရာကသာ အဓိက ဖြစ်ပါတယ်။ (သုတ္တံဆရာက ၄း၂၃) စိတ်နှလုံးထဲမှာ မည်သည့်အရာ ဝင်ရောက်နေရာယူသည်ကို ဂရုစိုက်ရန် အရေးကြီးပါသည်။ ဘုရား ဖန်ဆင်းထားသော ကျွန်မတို့သည် ကိုယ်ခန္ဓာ၊ စိတ်၊ ဝိညာဉ်ကို ပိုင်ဆိုင်ထားကြသူများ ဖြစ်တာမို့ ခန္ဓာကိုယ်ကို ဆွဲဆောင်မှု ပြည့်အောင် လုပ်ဆောင်ကြသလို ခရစ်တော်ကို အလေးထားသည့် ကောင်းမွန်သော စိတ်နှလုံး ဖြစ်အောင် လုပ်ဆောင်ရမည် ဖြစ်သည်။ နှလုံးသား၌ လောဘစိတ်၊ အငြိုး ထားခြင်း၊ မုန်းတီးခြင်း၊ မိမိကိုယ်ကို သနားခြင်း၊ အမျက်ထွက်ခြင်းနှင့် အခြား ဆိုးညစ်မှုများ ရှိနေပါက ဖက်ရှင် ကျကျ ဝတ်စားပြီး မိမိကိုယ်ကို နိုပျိုပုံ ပေါက်အောင် ပြုပြင်ခြင်းက ဘာမှ အသုံးမဝင်ပါဘူး။ ခရစ်တော်ကို အလေးထားသည့် ကောင်းမွန် သော စိတ်နှလုံးကို မိမိနှင့် ထိတွေ့ဆက်ဆံ နေသူများ၊ မိသားစုဝင်များ၊ ဘုရားကို ယုံကြည်သူ၊ မယုံကြည်သူတို့ ခံစားရပါသလားလို့ ကျွန်မ ကိုယ့်ကိုကိုယ် ပြန်မေးမိပါ တယ်။ ကျေးဇူးတော်၊ ကြင်နာခြင်း၊ စိတ်ရှည်ခြင်း၊ သနားခြင်း၊ ကရုဏာတို့ကို နှလုံးသား၌ ထည့်သွင်းခြင်းဖြင့် နေ့စဉ်ကြုံတွေ့ဆက်ဆံရသော သူတို့အတွက် အသက် ကောင်းကျိုး စမ်းရေ စီးထွက်စေရန် အသက်ရှင်ရမည်ဟု ကျွန်မ သွန်သင်ခြင်း ခံရပါတယ်။ အပြင်ပန်း သဏ္ဍာန်ထက် အတွင်းနှလုံးသား စိတ်အတွင်းကို လှပအောင် ကျွန်မတို့ ပြင်ဆင် မွမ်းမံကြရအောင်။ ။

-------------------------------------------------------------

## ခရစ်တော်၏ရုပ်ပုံလွှာ-၁၁ ( ချစ်တော်မူသောသူ ) *မင်းအောင်သက်လွင်*

ထို ဘုရားသခင်သည် ချစ်တော်မူသော သား တော် ကြောင့်----- ဖေက် ၁း၆



ဤ အထက်ပါ ကျမ်းပိုဒ်တွင်ပါဝင်သော စကား လုံးသည် ခမည်းတော် ဘုရားမှ သားတော်အား ချစ်ကြောင်း ဖော်ပြ ထားခြင်း ဖြစ်ပါသည်။ ယောဟန် လက်ဖြင့် ဂါလိလဲပြည် ယော်ဒန်မြစ်တွင် ဗတ္တိဇံ မင်္ဂလာကို ခံတော်မူစဉ်တွင် ကောင်းကင် မှ အသံတော် ကြားရသည်မှာ "ဤသူကား ငါနှစ်သက် မြတ်နိုးရာ ငါ၏ချစ်သား ပေတည်း။" မ ၃း၁၇။ ဟု ဖြစ်ပါသည်။ မြင့်လှစွာသော တောင်ပေါ်သို့ သခင်ယေရှု သည် မိမိ တပည့်တော် ပေတရု၊ ယာကုပ်နှင့် ယောဟန် တို့ကို ခေါ်သွား တော်မူစဉ်ကလဲ "ဤသူသည် ငါနှစ်သက် မြတ်နိုးရာ ငါ၏ ချစ်သားပေတည်း။" ဟူသော စကားသံတော်ကို မိုးတိမ်ထဲက ကြားခဲ့ရပါသည်။ မ- ၁၇း၅။ ထိုကျမ်းချက် နှစ်ချက် စလုံးတွင် ကောင်းကင်မှ အသံတော်ကြားရကြောင်း ဖော်ပြထားသလို ကောင်းကင်ဖွင့်လှစ်သည်။ မိုးတိမ် လွှမ်းမိုးသည်။ ဟုလဲ ဖော်ပြ ထားပါ သည်။ ခမည်းတော် ဘုရားသခင်နှင့် သားတော် ယေရှုခရစ်တော်တို့၏ နှစ်ကိုယ်ကြား ရင်းနှီး မှုအား "ချစ်တော်မူသော" ဟူသော အသုံးအနှုန်းသည် လုံးဝဥဿုံ ပြည့်စုံမှုကို ဖော်ပြနေပါသည်။ လူသား တစ်ဦးနှင့် တစ်ဦး ရင်းနှီးမှုတွင် ခေါ်ဝေါ်သုံးစွဲသော နာမ်စား မြောက် များစွာ ရှိပါ သည်။ အားကိုး ရသော အစ်ကို။ စိတ်ချရသော တပည့်။ ယုံကြည် ရသော ခင်ပွန်း။ သဘော ကောင်းသော သူဌေး။ သစ္စာရှိသော ငယ်သားကောင်း - စသဖြင့် အသုံးပြုလေ့ ရှိပါသည်။ ထိုသို့သော နာမ်စားများသည် အရည်အချင်း တစ်ခုတည်းကိုသာ ကိုယ်စား ပြုပါ သည်။



အားကိုးရသော သူသည် စိတ်ချချင်မှ စိတ်ချရမည်။
စိတ်ချရသော သူကိုလဲ အားကိုးလို့ ရချင်မှ ရနိုင်ပါမည်။
ယုံကြည်ရသောသူကိုလဲ အားကိုးလို့ ရချင်မှ ရမည်။
သစ္စာရှိသော သူသည်လဲ အားကိုးလို့ ရချင်မှ ရမည်။
သဘောကောင်းသော သူသည်လဲ သစ္စာရှိ မရှိ မသေချာပါ။

ထိုသို့သော နာမ်စားများစွာထဲမှ "ချစ်တော်မူသော သူ" ဆိုသော နာမ်စားသည် ထို အထက်ပါ နာမ်စားများ အားလုံးထက် အစွမ်းပကား ကြီးမားလို ပြည့်စုံလုံလောက်ပါသည်။ အဘယ့်ကြောင့်ဆိုသော်- "ချစ်တော်မူသော" ဆိုသည့် စကားလုံးမှ ချစ်ခြင်း တရားသည် အခြား အခြားသော တရားများထက် ပိုသော၊ သာသော၊ ကြီးမြတ် သော၊ အဓိပ္ပါယ် ရှိသောကြောင့် ဖြစ်ပါသည်။

ချစ်ခြင်းတရားထဲတွင် ယုံကြည်၊ အားကိုး၊ စိတ်ချ၊ သစ္စာရှိ၊ သဘောကောင်း၊ စသော အကြောင်းတရားများ အားလုံးပါဝင်နေသော ကြောင့်ပင်။ ယေရှုခရစ်တော်သည် ခမည်းတော်၏ ချစ်ခြင်းကို ခံရသောသူ ဖြစ်သည်။ ခမည်း တော်ထံမှ ကမ္ဘာ မကုန်သော ထာဝရမေတ္တာကို ခံထားရသောသူ ဖြစ်ပါသည်။ ဘုရား သခင်၏ မေတ္တာ တော်သည် လူသားများ၏ မေတ္တာထက် သာလွန်ပါသည်။ ဘုရား မေတ္တာနှင့် လူသား၏ ချစ်ခြင်းကို နှိုင်းယှဉ်ခြင်းသည် မှိတ်တုတ် မှိတ်တုတ် ဖျော့ တော့တော့ ဖယောင်း တိုင်မီးငယ်လေးနှင့် ဟုန်းဟုန်းတောက် ထိန်ထိန်လင်းလက် ကာ တောက်ပြောင် ပူလောင် နေသာ နေမင်းကြီးကို နှိုင်းယှဉ်သကဲ့သို့ အဆင့်အတန်းချင်း ကွာခြားလွန်းလှပါသည်။

ဤ "ချစ်တော်မူသော သူ" ဆိုသော စကားသည် ခမည်းတော်ဘုရားက သားတော် ယေရှုခရစ်တော်အား ချစ်မြတ်နိုးခဲ့ခြင်းကို ဆိုလိုပါသည်။ ထို ချစ်ခြင်းသည် စကြာဝဠာ တွင် အသန့်ရှင်း ဆုံးနှင့် အမြင့် မြတ်ဆုံးသော အရာ ဖြစ်ပါသည်။

သမ္မာကျမ်းစာ တော်မြတ်သည် အလှပဆုံးသော ကောင်းကြီး မင်္ဂလာနှင့် ယှဉ် သော အမှန်တရားများကို ဖော်ပြ ကြေငြာထားပါသည်။ အဘယ့်ကြောင့်ဆိုသော် အပြစ် ရှိသော လူသားများအား ခမည်းတော်ဘုရားက လက်ခံခြင်းသည် ယေရှု ခရစ်တော် ၏ ထိုက်တန်သော ပေးဆပ် ပေါင်းကူး လုပ်ဆောင် ပေးမှုများကြောင့် ဖြစ်ပါသည်။ ခမည်းတော်သည် သားတော်အား ကန့်သတ် မထားသော မေတ္တာ များနှင့် ချစ်သော ကြောင့် ဖြစ်ပါသည်။




ချစ်သော သခင် ကျေးဇူးရှင် ၊ ရွေးနှုတ်တော်မူသောကြောင့်ပင်
ပြစ်သားများမှာ လွတ်ခြင်းရ ၊ ဘုရားသားတော် မည်ထိုက်စွ။

(ဝန်ခံချက်။ - ဟန်နရီ ဂရာဗီ ရေးသားသော The Beloved အား ဆီလျော်အောင် မြန်မာ ဘာသာ ပြန်ဆို ပါသည်။)

------------------------------------------------------------

## (လူလိမ္မာဆုတောင်း) *ကာတွန်း - မင်းအောင်သက်လွင်*






မည်သူမဆို စာမူများရေးသားပေးပို့နိုင်ပါသည်။ email ; thelordword@gmail.com , Viber ; 81222320 ယခင်လိပ်စာဖြင့် လုံးဝ မပို့ပါရန် အသိပေးအပ်ပါသည်။
အိမ်လိပ်စာအပြောင်းအလဲရှိသောကြောင့် စာတိုက်မှတဆင့်ပေးပို့ခြင်းကို လုံးဝ လက်မခံတော့ပါ။ ဖုန်း (+၆၅) ၈၁ ၂၂၂ ၃၂၀ အားမေးမြန်းစုံစမ်းပါရန် အသိပေးအပ်ပါသည်။
Facebook; lord's word, lord's heart. www.thelordword.com